# ချင်းပြည်နယ်လုံးဆိုင်ရာ မြေယာ အလုပ်ရုံ ဆွေးနွေးပွဲ၏
# သဘောထား ထုတ်ပြန်ကြေညာချက်

**၂၀၁၈ ခုနှစ်၊ဖေဖော်ဝါရီလ ၁၅ ရက်**

ချင်းပြည်နယ်လုံးဆိုင်ရာ မြေယာ အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ မှ ၁၅ ရက်နေ့အထိ ကလေးမြို့တွင် အောင်မြင်စွာကျင်းပခဲ့ပါသည်။ ဤအလုပ်ရုံ ဆွေးနွေးပွဲတွင် ချင်းပြည်နယ် မြို့နယ်အသီးသီးမှ အရပ်ဘက်ကိုယ်စားလှယ် စုစုပေါင်း (၅၄) ဦး တက်ရောက်ပြီး အောက်ပါ သဘောထားအမြင်များကို ထုတ်ပြန်သည်။

၁။ ချင်းပြည်နယ်အတွင်းရှိပြည်သူများသည် မြေယာများကို မိမိတို့ ဒေသအလိုက် ဘိုးဘွားအစဉ်အဆက် ဓလေ့ထုံးတမ်း အစဉ်လာများအတိုင်း ကျင့်သုံးခြင်း၊ မြေယာ အမျိုးအစား သတ်မှတ်ခြင်းရှိခဲ့ပြီး ဖြစ်သောကြောင့် ချင်းပြည်နယ်သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမရှိသော ဒေသဖြစ်သည်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်သည် ၂၀၁၂ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေနှင့် ယင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) ကို ပြဋ္ဌာန်းကျင့်သုံးရန် မလိုအပ်ပါ။

၂။ လက်ရှိပြဋ္ဌာန်း ကျင့်သုံးနေသော ၂၀၁၂ လယ်ယာမြေဥပဒေနှင့် ယင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) သည် ချင်းလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှု၊ မြေယာပိုင်ဆိုင်မှုတို့ကို ထိခိုက်ဆုံးရှုံးစေသည့် ဥပဒေဖြစ်သည်ဟု ရှုမြင်သောကြောင့် အသစ်ပြန်လည်ရေးဆွဲရန် တိုက်တွန်းသည်။

၃။ မြေသိမ်း ဥပဒေကြမ်း (၂၀၁၇) သည် ချင်းပြည်နယ်ရှိ ပြည်သူလူထုအတွက် သာမက တနိုင်ငံလုံးရှိ တောင်သူလယ်သမားများနှင့် အခြေခံလူတန်းစား ပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ အကျိုးပြုခြင်း လုံးဝမရှိသော ဥပဒေကြမ်းအဖြစ် သုံးသပ်ရှုမြင်သည်။ သို့ဖြစ်ပါ၍ ၂၀၁၇ မြေသိမ်းဥပဒေကြမ်းကို ဖျက်သိမ်းရန် တိုက်တွန်းသည်။

၄။ လယ်ယာမြေအပါအဝင် မြေယာနှင့်ပတ်သက်သောဥပဒေများသည် တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန်နှင့် သက်ဆိုင်ရာဒေသအသီးသီး၏ မြေယာဆိုင်ရာ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများကို အသိအမှတ်ပြုကာကွယ်ပေးသော ဥပဒေဖြစ်ရန် လိုအပ်သည်။

၅။ ချင်းပြည်နယ်၏ မြေယာဆိုင်ရာမူဝါဒနှင့် ဥပဒေများကို မိမိတို့ချင်းပြည်သူများကိုယ်တိုင် ရေးဆွဲပြဋ္ဌာန်းခွင့်ရှိရန် လိုအပ်သည်။

ဆက်သွယ်ရန် -


ဦး မန်ဇခုပ် (၀၉၄၀၀၅၃၈၄၈၂)
ကို လျန်ဘွဲ (၀၉၂၅၉၃၈၅၀၅၆)
ဦး မာန်တပ် (၀၉၇၆၆၅၁၆၂၄၄)